## **ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့ အစီအစဉ်**

## **[ ၂၁-၅-၂၀၁၅ ] ( ကြာသပတေးနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာစိုးရင်၊ ကမာရွတ် မဲဆန္ဒနယ်၏ **ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ မြေအမှတ်(၅၄/အေ)တွင် YCDC ၏ ခွင့်ပြုချက်ဖြင့် (၅)ထပ်တိုက် ဆောက်လုပ်မှုကို အရေးယူ ပေးရန် ပန်ကြားချက်နှင့် ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက် ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်ရှိ ဒရယ်မီးချောင်းနှင့် အကြောင်းချောင်းကို တူးဖော်ပေးရန်နှင့် ကျန်ရှိသည့် ချောင်းကော၊ မြောင်းကောများအား တူးဖော်ပေးရန်လုပ်ငန်းများကို ပွင့်လင်း ရာသီ ဖြစ်သည့် ယခုအချိန်မှ စတင်၍ ကြိုတင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **ရန်ကုန်–မန္တလေး ကားလမ်းမကြီးနှင့် ခင်အင်းကြီး၊ ဘိုကုန်း၊ ဆားပြင်ကျေးရွာများသို့ ဆက်သွယ်ထားသော လမ်းမကြီးအား မည်သည့်အချိန်တွင် ပြုပြင်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်၏ **ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းတိမ်–မော်ဘီလမ်းအား အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့နယ် အနောက်ဘက်စွန်းရှိ သင်းပုန်းတန်းကျွန်းနှင့် ပုဏ္ဏားကျွန်း–ရသေ့တောင် ကားလမ်းတို့ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခွန်သိန်းဖေ၊ ဟိုပုံး မဲဆန္ဒနယ်၏ **ဟိုပုံးမြို့နယ်၊ မဲနယ်တောင်၊ တောင်ပေါ်ဒေသရှိ ပြည်သူများအတွက် မြေသားလမ်း၊ တံတားများနှင့် သောက်သုံးရေ ရရှိရေးကို မည်သို့ စီစဉ်ဆောင်ရွက် ပေးမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၅၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။